ကုမ္ပဏီအမည် - Paradiso Cimemas Co., Ltd.

လုပ်ငန်း - **ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ရုပ်ရှင်ရုံများဆောက်လုပ်ခြင်းနှင့် ရုပ်ရှင်ပြသခြင်း လုပ်ငန်း (Cinema Construction and Operation of Movies Show) ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုတင်ပြလာခြင်းကိစ္စ**

| စဉ် | အကြောင်းအရာ | ဆောင်ရွက်သည့်နေ့စွဲ | ပြည်ကြားချက်ရရှိသည့်နေ့စွဲ | မှတ်ချက် |
|---|---|---|---|---|
| ၁ | ကုမ္ပဏီမှအဆိုပြုလွှာတင်ပြလာခြင်း | ၂၆-၁၀-၂၀၁၆ | | |
| ၂ | အဆိုပြုချက်စိစစ်ရေးအဖွဲ့အစည်းအဝေး၄၀/၂၀၁၆ သို့တင်ပြခြင်း | ၃၁-၁၀-၂၀၁၆ | | |
| ၃ | အဆိုပြုချက်စိစစ်ရေးအဖွဲ့အစည်းအဝေး ဆုံးဖြတ်ချက်ပေးပို့ခြင်း | ၈-၁၁-၂၀၁၆ | | |
| ၄ | **သဘောထားမှတ်ချက်တောင်းခံခြင်း** | | | |
| | (က) ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | ၂-၁၁-၂၀၁၆ | ၆-၁၂-၂၀၁၆ | |
| | (ခ) သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | ၁-၁၁-၂၀၁၆ | ၁၆-၁၁-၂၀၁၆ | |
| | (ဂ) ပြန်ကြားရေးဝန်ကြီးဌာန | ၂-၁၁-၂၀၁၆ | ၁၁-၁၁-၂၀၁၆ | |
| ၅ | ကုမ္ပဏီသို့ဌာနဆိုင်ရာသဘောထားမှတ်ချက်များအရ ပြင်ဆင်တင်ပြရန်အကြောင်းကြားခြင်း | ၂၁-၁၁-၂၀၁၆ | | |
| ၆ | ကုမ္ပဏီမှလိုအပ်ချက်များပြင်ဆင်တင်ပြလာခြင်း | ၂-၁-၂၀၁၇ | | |
| ၇ | ကော်မရှင်အစည်းအဝေးသို့တင်ပြခြင်း (၁/၂၀၁၇)MIC | (၆-၁-၂၀၁၇) | | |
| | **စုစုပေါင်းကြာမြင့်ရက် ၃၀ ရက်** | | | |

Paradiso Cinemas Co., Ltd. မှ ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့်
ရုပ်ရှင်ရုံများဆောက်လုပ်ခြင်းနှင့်ရုပ်ရှင်ပြသခြင်းလုပ်ငန်း (Construction of Cinemas and Operation of Movies Show) ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုတင်ပြလာခြင်းနှင့်စပ်လျဉ်း၍
PAT ၏ ဆွေးနွေးချက်၊ ဆုံးဖြတ်ချက်အပေါ် ဆောင်ရွက်မှု

| စဉ် | ကုမ္ပဏီအမည် | လုပ်ငန်းအမျိုးအစား | PAT အကြိမ် နေ့စွဲ | ဆွေးနွေးချက်မှ ပြင်ဆင်ရန်လိုအပ်ချက် | ဆောင်ရွက်ပြီးစီးမှု | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁။ | Paradiso Cinemas Co., Ltd. | ရုပ်ရှင်ရုံများ ဆောက်လုပ်ခြင်းနှင့်ရုပ်ရှင် ပြသခြင်း လုပ်ငန်း (Construction of Cinemas and Operation of Movies Show) | ၄၀/၂၀၁၆ (၃၁-၁၀-၂၀၁၆) | (က) လုပ်ငန်းအမျိုးအစား၊ မြေငှားစာချုပ်နှင့် ဖက်စပ်စာချုပ်(မူကြမ်း)များ ပြင်ဆင်တင်ပြရန်။<br>(ခ) ပြည်ပမှတင်သွင်းမည့် ပစ္စည်း၊ ပြည်တွင်း၌ဝယ်ယူမည့်ရုံးသုံးပစ္စည်းစာရင်းတင်ပြရန်<br>(ဂ) လုပ်ငန်းဆောင်ရွက်မည့် မြေအား မြေဂရန်အမည်ပေါက်ရရှိအောင်ဆောင်ရွက်ရန်။ | ပြင်ဆင်တင်ပြထားပါသည်။<br>ပြင်ဆင်တင်ပြထားပါသည်။<br>လျှောက်ထား ဆောင်ရွက်ဆဲဖြစ်ပါသည်။ | |

| | |
|---|---|
| ကုမ္ပဏီအမည် | Paradiso Cinemas Co., Ltd. |
| အဖွဲ့အစည်းပုံသဏ္ဍာန် | ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု |
| လုပ်ငန်းအမျိုးအစား | **ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ရုပ်ရှင်ရုံများဆောက်လုပ်ခြင်းနှင့် ရုပ်ရှင်ပြသခြင်းလုပ်ငန်း (Cinema Construction and Operation of Movies Show)** |
| တည်နေရာ | ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ တပ်ကြီးကုန်းကျေးရွာအုပ်စု၊ အကွက်အမှတ်-၅၈၄၊ ရွာသစ်ကွင်း၊ ဦးပိုင်အမှတ် ၆/၃ ရှိ မြေဧရိယာ ၀.၉၂ ဧက |
| စုစုပေါင်းမတည်ငွေရင်း | အမေရိကန် ဒေါ်လာ ၀.၅၁ သန်း |
| လုပ်ငန်းသက်တမ်း | ၁၀ နှစ် (၁၀နှစ်တစ်ကြိမ် သက်တမ်းတိုး) |
| အရင်းကြေကာလ | ၄ နှစ် ၁၁ လ |
| IRR | ၁၁.၀၅ % |

အထက်ပါလုပ်ငန်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏ **Cost & Benefit**ကိုအောက်ပါဇယားဖြင့် ပြုစုတင်ပြအပ်ပါသည်-

| **စဉ်** | **အကြောင်းအရာ** | Cost | Benefit |
|---|---|---|---|
| ၁ | နိုင်ငံ့ဝန်ထမ်း၏လစာ | ကျပ် ၃.၀၀သန်း(တစ်နှစ်) | - |
| ၂ | ကုမ္ပဏီမှတ်ပုံတင်ကြေး | - | ကျပ် ၁.၂၀သန်း |
| ၃ | သွင်းကုန်အခွန်ကင်းလွတ်ခွင့် | - | - |
| ၄ | ဝင်ငွေခွန် | ကျပ် ၁၈၀.၀၀ သန်း | ကျပ် ၁၆၀.၀၀ သန်း |
| ၅ | ကုန်သွယ်လုပ်ငန်းခွန် | - | ကျပ် ၃၆၀.၀၁သန်း |
| ၆ | လျှပ်စစ်မီးသုံးစွဲခ | - | - |
| ၇ | လုပ်ခလစာအပေါ်ဝင်ငွေခွန် | - | ကျပ် ၂.၂၈ သန်း<br>တစ်နှစ်ဝင်ငွေကျပ် သိန်း(၄၈)ကျော်ပါကအခွန်ပေးရမည့်ဝန်ထမ်း (၁၄) ဦး |
| ၈ | CSR(၂%) | - | ကျပ် ၁၉.၅၁ သန်း |
| ၉ | မြေငှားရမ်းခငွေ | - | - |
| ၁၀ | အလုပ်အကိုင်အခွင့်အလမ်း | - | ပြည်တွင်းလုပ်သား (၅၄)ဦးအလုပ်အကိုင်ရရှိမည်ဖြစ်၍ ဒေသအလုပ်အကိုင်အခွင့် အလမ်းနှင့် ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက် အကူပြုစေပါသည်။ |
| | | **ကျပ် ၁၈၃.၀၀ သန်း** | **ကျပ် ၇၄၂.၄၉ သန်း** |
| | | **၁ း ၄** | |

## ကုမ္ပဏီဒါရိုက်တာနှင့်အစုရှင်များ၏နေရပ်လိပ်စာစာရင်း

| စဉ် | ကုမ္ပဏီအမည် | ဒါရိုက်တာ/အစုရှင်များ၏အမည် | ဒါရိုက်တာ/အစုရှင်များ၏ ဆက်သွယ်ရန်လိပ်စာ |
|---|---|---|---|
| | Paradiso Cimemas Co., Ltd. | (၁) ဦးတင်မောင်ဝင်း<br>မန်နေးဂျင်းဒါရိုက်တာ<br>မြန်မာ<br>၁၂/ဘဟန(နိုင်) ၀၃၇၈၄၉ | အမှတ်-၃၃၊ ပတ္တမြားလမ်း၊ မြန်မာ့ဂုဏ်ရောင်အိမ်ရာ၊ သံသုမာလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ |
| | | (၂) ဦးမိုးလွင်<br>ဒါရိုက်တာ<br>မြန်မာ<br>၆/မအရ(နိုင်)၀၇၉၆၅၅ | အမှတ်-၆၃၊ အောင်မင်းခေါင်လမ်း၊ ဝင်ဒါမီယာရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ |
| | | (၃) ဦးသူရ<br>ဒါရိုက်တာ<br>မြန်မာ<br>၁၂/ရခန(နိုင်)၀၁၈၁၁၃ | အမှတ်-၃၄၊ ၁၆၆ လမ်း၊ တာမွေကြီး (ခ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ |
| | | Individual Overseas Investor<br>(1) Mr. Guy Robert EUGENE<br>Director<br>French<br>15 FV05241 | No. 23, Chemindes Fees VERBIER 1936, Switzerland. |
| | | (2) Mr. Pramod Arora<br>Director<br>India<br>Z-2217095 | No.11, Paschim Marg, DLF City Phase 1, Gurgaon 122002, Haryana, India. |

၁။ ဆက်သွယ်ရမည့်တယ်လီဖုန်းနံပါတ် - ၀၉- ၅၀၀၄၃၈၅

၂။ ဆက်သွယ်ရမည့်လိပ်စာအပြည့်အစုံ - အမှတ်(၂၀)၊ ပုလဲလမ်း၊ ရွှေတောင်ကြားရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

၃။ ဆက်သွယ်ရမည့်ပုဂ္ဂိုလ်အမည်၊ ရာထူး - ဦးတင်မောင်ဝင်း (မန်နေးဂျင်းဒါရိုက်တာ)

၄။ ကုမ္ပဏီအနေဖြင့်ဆောင်ရွက်သည့်လုပ်ငန်းများ - ရုပ်ရှင်ရုံများဆောက်လုပ်ခြင်းနှင့် ရုပ်ရှင်ပြသခြင်းလုပ်ငန်း (Cinema Construction and Operation of Movies Show)

၅။ ကုမ္ပဏီမှတ်ပုံတင်အမှတ်/နေ့စွဲ - ၄၁၁ အက်ဖ်စီ/၂၀၁၆-၂၀၁၇ (ရက) (၁၆-၈-၂၀၁၆)

၆။ ကုမ္ပဏီမှတ်ပုံတင်သက်တမ်းကုန်ဆုံးသည့်နေ့စွဲ - ၁၅-၂-၂၀၁၇

၇။ ဘဏ်အမည်နှင့်ဘဏ်စာရင်းအမှတ် - -

## Paradiso Cinemas Co., Ltd. မှ ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ရုပ်ရှင်ရုံများဆောက်လုပ်ခြင်းနှင့်ရုပ်ရှင်ပြသခြင်းလုပ်ငန်း (Construction of Cinemas and Operation of Movies Show) နှင့်စပ်လျဉ်းသည့်အဓိကအချက်များ

| | | |
|---|---|---|
| ၁။ | ကုမ္ပဏီအမည်/ ကမကထပြုသူ | - Paradiso Cinemas Co., Ltd.<br>- ဦးတင်မောင်ဝင်း |
| ၂။ | ရင်းနှီးမြှုပ်နှံမှုပုံစံ | - ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု<br>- မြန်မာနိုင်ငံ MAZE Co., Ltd မှ ၆၀ %<br>ပြင်သစ်နိုင်ငံ Mr. Guy Robert EUGENE မှ ၄၀ % |
| ၃။ | အဆိုပြုလုပ်ငန်းအမျိုးအစား | - ရုပ်ရှင်ရုံများဆောက်လုပ်ခြင်းနှင့်ရုပ်ရှင်ပြသခြင်းလုပ်ငန်း (Construction of Cinemas and Operation of Movies Show) |
| ၄။ | လုပ်ငန်းတည်နေရာ / မြေအကျယ်အဝန်း | - ဦးပိုင်အမှတ်-၆/၃၊ အကွက်အမှတ်-၅၈၄၊ ရွာသစ်ကွင်း၊ တပ်ကြီး ကုန်းကျေးရွာအုပ်စု၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ မြေဧရိယာ (၀.၉၂) ဧက |
| ၅။ | စုစုပေါင်းမတည်ငွေရင်း<br>ထည့်ဝင်သည့်အမျိုးအစား<br>ငွေသား<br>စက်ပစ္စည်း<br>အခြား<br>**စုစုပေါင်း** | - အမေရိကန်ဒေါ်လာ ၀.၅၀ သန်း |

| ထည့်ဝင်သည့်အမျိုးအစား | နိုင်ငံခြား(US$ သန်း) | မြန်မာ (US$ သန်း) | စုစုပေါင်း (US$သန်း) |
|---|---|---|---|
| ငွေသား | ၀.၀၆ | ၀.၀၉ | ၀.၁၅ |
| စက်ပစ္စည်း | ၀.၁၄ | ၀.၀၄ | ၀.၁၈ |
| အခြား | - | ၀.၁၈ | ၀.၁၈ |
| **စုစုပေါင်း** | **၀.၂၀** | **၀.၃၀** | **၀.၅၀** |

| | | |
|---|---|---|
| ၆။ | တည်ဆောက်ရေးကာလ | - ၁ နှစ် |
| ၇။ | ရင်းနှီးမြှုပ်နှံမှုသက်တမ်း | - ကနဦး ၁၀ နှစ် (သက်တမ်းတိုး ၁၀ နှစ် ၁ ကြိမ်) |
| ၈။ | မြေငှားစာချုပ်သက်တမ်း | - ၁၀ နှစ် (သက်တမ်းတိုး ၁၀ နှစ် ၁ ကြိမ်) |
| ၉။ | ဝန်ဆောင်ခနှုန်း (ဆဋ္ဌမမြောက်နှစ်) | |

| Particular | Type of Seats Class | | | |
|---|---|---|---|---|
| | Grade-4 | Grade-3 | Grade-2 | Grade-1(Dual) |
| No. of Seats | ၅၄ | ၁၈၄ | ၅၄ | ၁၂ |
| Ticket Price per Seat(MMK) | ၁,၀၀၀ | ၁,၅၀၀ | ၂,၀၀၀ | ၅,၀၀၀ |
| No. of Cinema Show per Day | ၄ | ၄ | ၄ | ၄ |

| | | |
|---|---|---|
| ၁၀။ | ကုမ္ပဏီ၏ဝင်ငွေ(ဆဋ္ဌမမြောက်နှစ်) | - US$ ၃၈၃,၈၉၈ |
| ၁၁။ | ကုမ္ပဏီ၏အသုံးစရိတ် (ဆဋ္ဌမမြောက်နှစ်) | - US$ ၃၀၃,၈၄၅ |
| ၁၂။ | အသားတင်အမြတ်(ဆဋ္ဌမမြောက်နှစ်) | - US$ ၈၀,၀၅၃ |

| | | |
|---|---|---|
| ၁၃။ | နိုင်ငံတော်မှ ရရှိမည့် အကျိုးအမြတ်(ဆဋ္ဌမမြောက်နှစ်)<br>ဝင်ငွေခွန်<br>ကုန်သွယ်လုပ်ငန်းခွန် | <br><br>- US$ ၂၄,၅၂၁<br>- US$ ၁၈,၂၈၁ |
| ၁၄။ | ဝန်ထမ်းအင်အား<br>ပြည်တွင်း<br><br><br><br><br><br>ပြည်ပ | - ၅၄ ဦး<br>၅၄ ဦး (တစ်လလျှင် ပြည်တွင်းဝန်ထမ်းတစ်ဦး၏ အနိမ့်ဆုံးလစာမှာကျပ် ၁၁၀,၀၀၀ ၊အမြင့်ဆုံးလစာမှာ ကျပ် ၃,၀၀၀,၀၀၀ ဖြစ်ပါသည်။)<br>နေ့စားဝန်ထမ်း ၄ ဦးပါဝင်ပြီး နေ့စားတစ်ဦးလျှင်တစ်ရက် ၃၆၀၀ ကျပ်နှုန်းဖြင့်ခန့်ထားမည်ဖြစ်ပါသည်။<br><br>- ခန့်ထားခြင်းမရှိပါ။ |
| ၁၅။ | အရင်းကြေကာလ | - ၄ နှစ် ၁၁ လ |
| ၁၆။ | အရင်းအနှီးပေါ်အကျိုးအမြတ် ပြန်ပေါ်နှုန်း (IRR) | - ၁၁.၀၅ % |
| ၁၇။ | ငွေကြေးအထောက်အထား | - MAZE Co., Ltd. အမည်ဖြင့် ကမ္ဘောဇဘဏ်(International Banking Division)၌ (၄-၈-၂၀၁၆)ရက်စွဲဖြင့် အမေရိကန်ဒေါ်လာ ၃၄,၅၀၀ နှင့် မြန်မာကျပ်ငွေ ၄၀,၈၈၂,၅၀၀ ရှိကြောင်း တင်ပြထားပါသည်။ |
| ၁၈။ | မြေငှားရမ်းခြင်းစာချုပ်(မူကြမ်း) ပါအဓိက အချက်အလက်များ | - Paradiso Cinemas Co., Ltd. နှင့် မြေပိုင်ရှင် ဦးခင်မောင်သန်းတို့ ချုပ်ဆိုမည့် မြေငှားရမ်းခြင်း သဘောတူစာချုပ် (မူကြမ်း)ပါ အဓိကအချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-<br>(က) ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ဦးပိုင်အမှတ်-၆/၃၊ အကွက်အမှတ်-၅၈၄၊ ရွာသစ်ကွင်း၊ တပ်ကြီးကုန်းကျေးရွာအုပ်စုရှိ မြေဧရိယာ (၀.၉၂) ဧက အားငှားရမ်း ဆောင်ရွက်မည်ဖြစ်ပါသည်။<br>(ခ) မြေငှားရမ်းသည့် သက်တမ်းကာလမှာ စာချုပ်လက်မှတ်ရေးထိုးသည့်နေ့မှစ၍ ၁၀ နှစ် ဖြစ်ပြီး နှစ်ဦးနှစ်ဖက်သဘောတူညီမှုဖြင့် ၁၀ နှစ်(၁)ကြိမ် သက်တမ်း တိုးငှားရမ်းမည် ဖြစ်ပါသည်။<br>(ဂ) ငှားရမ်းခနှုန်းမှာတစ်နှစ်လျှင်အမေရိကန်ဒေါ်လာ ၉,၃၀၇.၇၈ ဖြစ်၍ တစ်နှစ် တစ်စတုရန်းမီတာလျှင် အမေရိကန်ဒေါ်လာ ၂.၅ နှုန်းဖြစ်ပါသည်။ |

| | | |
|---|---|---|
| ၁၉။ | လျှပ်စစ်ဓါတ်အားသုံးစွဲမှု (တစ်နှစ်လျှင်) | - နှစ်စဉ် လျှပ်စစ်ဓာတ်အား လိုအပ်ချက်အနေဖြင့် ၁၀၀,၀၀၀ units ဖြစ်ကြောင်းနှင့် နိုင်ငံတော်မှ ဖြန့်ဖြူးသည့်လျှပ်စစ်ဓါတ်အား မရရှိသောအချိန်တွင် ကိုယ်ပိုင်မီးစက်ထားရှိ၍ ဆောင်ရွက်မည်ဖြစ်ပါသည်။ |
| ၂၀။ | CSR အစီအစဉ် | - ကုမ္ပဏီ၏ နှစ်စဉ်ရရှိသော အမြတ်ငွေမှ ၂ % အား လူမှုရေးတာဝန်ယူမှု ပူးပေါင်းဆောင်ရွက်မှု ရန်ပုံငွေအဖြစ် ထားရှိမည်ဖြစ်ကြောင်းအောက်ပါအတိုင်း သုံးစွဲမည်ဖြစ်ပါကြောင်း တင်ပြထားပါသည်-<br>(က) ပညာရေးကူညီထောက်ပံ့ခြင်း ၂၀ %<br>(ခ) ကျန်းမာရေးစောင့်ရှောက်မှု ၂၀ %<br>(ဂ) ဒေသ၏လမ်းပန်းဆက်သွယ်ရေး ၂၀ %<br>(ဃ) ဝန်ထမ်းများအားသင်တန်းများစီစဉ်ပေးခြင်း ၂၀ %<br>(င) အခြား ၂၀ % |
| ၂၁။ | သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုအစီအစဉ် | - သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ပြဋ္ဌာန်းထားသော သတ်မှတ်ချက်များအား လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် သဘာဝပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်ကို တင်ပြထားပါသည်။ |
| ၂၂။ | မီးဘေးကာကွယ်ရေးစီမံချက် | - ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာန မှ အဆောက်အဦမဆောက်လုပ်မီ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အတွက် Paradiso Cinemas Co., Ltd. မှတင်ပြသော အဆောက်အဦပုံစံကိုစစ်ဆေးပြီး ဖြစ်ကြောင်းနှင့် ကုမ္ပဏီမှ မီးဘေးအန္တရာယ်ကာကွယ်ရေးစီမံချက် ရေးဆွဲတင်ပြထားပါသည်။ |
| ၂၃။ | အခြားတင်ပြချက်များ | (က) အဆိုပြုချက်နှင့်အတူ MAZE Co., Ltd. နှင့် Mr. Guy Robert EUGENE တို့ချုပ်ဆိုမည့် JV စာချုပ်(မူကြမ်း)၊ Paradiso Cinemas Co., Ltd. ၏ ကုမ္ပဏီ မှတ်ပုံတင်လက်မှတ်၊ MOA ၊ AOA နှင့် ဒါရိုက်တာစာရင်း တို့အား တင်ပြထားပါသည်။<br>(ခ) Paradiso Cinemas Co., Ltd နှင့် မြေပိုင်ရှင် ဦးခင်မောင်သန်း တို့ ချုပ်ဆိုမည့် ၁၀ နှစ် သက်တမ်းရှိ မြေနှင့်အဆောက်အဦ ငှားရမ်းခြင်းစာချုပ် (မူကြမ်း)နှင့် မြေပိုင်ဆိုင်မှု အထောက်အထားများကို တင်ပြထားပြီး မြေနှင့်အဆောက်အဦ ငှားရမ်းခနှုန်းမှာ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၉,၃၀၇.၇၈ (တစ်စတုရန်းမီတာလျှင် တစ်နှစ် အမေရိ |

| | | |
|---|---|---|
| | | ကန်ဒေါ်လာ ၂.၅ ဖြစ်ကြောင်း တင်ပြထားပါသည်။<br>(ဂ) ဝန်ထမ်းလုပ်သားများ၏ လူမှုဖူလုံရေး၊ သက်သာချောင်ချိမှု ဆောင်ရွက်မည့် အစီအစဉ်၊ ဝန်ထမ်းများ၏ လုပ်ခလစာ အပေါ်ဝင်ငွေခွန် ထမ်းဆောင်မည်ဖြစ်ကြောင်း ကတိဝန်ခံ ချက်များကို တင်ပြထားပါသည်။ |
| ၂၄။ | **စိစစ်တင်ပြချက်** | (က) အဆိုပြုလုပ်ငန်းသည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၀၁၆ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့ပါ အမိန့်ကြော်ငြာစာ အမှတ် ၂၆/၂၀၁၆ အရ ပြန်ကြားရေးဝန်ကြီးဌာန၏ သဘော ထားမှတ်ချက်ဖြင့် နိုင်ငံသားနှင့် ဖက်စပ်စနစ်ဖြင့် ဆောင်ရွက် ခွင့်ပြုသည့် စီးပွားရေးလုပ်ငန်းအမျိုးအစားစာရင်းတွင် ပါဝင် ပါသည်။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်နေ့ပါ အမိန့်ကြော်ငြာစာအမှတ် ၅၁/၂၀၁၄ အရ အကောက်ခွန် ကင်းလွတ်ခွင့်၊ သက်သာခွင့် နှင့် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်၊ သက်သာခွင့် မပေး သောလုပ်ငန်းများစာရင်းတွင် ပါဝင်ခြင်းမရှိကြောင်းစိစစ်ရပါ သည်။<br>(ခ) ပြန်ကြားရေးဝန်ကြီးဌာန၏သဘောထားမှတ်ချက်အရ ရုပ်ရှင် ပြသခြင်းလုပ်ငန်းသည် နိုင်ငံခြားမှ မတည်ရင်းနှီးငွေ ၄၉ % နှင့် မြန်မာနိုင်ငံသားမှ ၅၁ % ဖြင့် ဖက်စပ်ဆောင်ရွက်နိုင်ပါ သည်။<br>(ဂ) အဆိုပြုလုပ်ငန်းဆောင်ရွက်ရန်အတွက် ပြည်ပမှ အမေရိကန် ဒေါ်လာ ၂၀၈,၆၀၀ တန်ဖိုးရှိ ရုပ်ရှင်ရုံအတွက် လိုအပ်သော စက်ပစ္စည်းကိရိယာများကို တင်သွင်းဆောင်ရွက်မည် ဖြစ်ပါ သည်။ အခွန်အကောက်ကင်းလွတ်ခွင့် သက်သာခွင့်ရရှိနိုင်ပါ သည်။<br>(ဃ) ကုမ္ပဏီအနေဖြင့် ထိုင်ခုံ (၃၁၆)ခုံ ပါရှိသည့် Single Screen ရုပ်ရှင်ရုံတည် ဆောက်၍ ရုပ်ရှင်ပြသခြင်း ဆောင်ရွက်မည် ဖြစ်ပါသည်။<br>(င) Paradiso Cinemas Co., Ltd. သည် ရုပ်ရှင်လုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေးအတွက် ထိုင်ခုံ (၃၁၆) ခုံဆံ့ Single Screen ရုပ်ရှင်ရုံ (၁၀၀)တည်ဆောက်ရေး စီမံချက်အား အကောင် အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်၍ မြန်မာနိုင်ငံတဝှမ်းရှိ |

| | | | |
|---|---|---|---|
| | | | မြို့များတွင် ရုပ်ရှင်ရိုက်ကူးတည်ဆောက်ခြင်း၊ ရုပ်ရှင်ပြသခြင်းကို ဆက်လက်ဆောင်ရွက်သွားရန် ရည်ရွယ်ထားကြောင်း တင်ပြထားပါသည်။ |
| | | (စ) | ဝင်ငွေ၊ နိုင်ငံတော်မှရရှိမည့် အကျိုးအမြတ်နှင့် အရင်းအနှီးအပေါ် အကျိုးပြန်ပေါ်နှုန်းတို့မှာကုမ္ပဏီမှ တင်ပြချက်အရ ဖော်ပြထားခြင်းသာ ဖြစ်ပါသည်။ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

စာအမှတ်၊ မရက-၅(အ)/န-၀၂၁/၂၀၁၇( ၃၉၁ )
ရက်စွဲ၊ ၂၀၁၇ ခုနှစ် ဇန်နဝါရီ လ ၂ ရက်

**မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့**
**တင်ပြသည့်အမှာစာ**

အကြောင်းအရာ။ **Paradiso Cinemas Co., Ltd. မှ ဖက်စပ်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဖြင့် ရုပ်ရှင်ရုံများ ဆောက်လုပ်ခြင်း နှင့် ရုပ်ရှင်ပြသခြင်းလုပ်ငန်း (Construction of Cinemas and Operation of Movies Show) ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုတင်ပြလာခြင်းကိစ္စ**

၁။ မြန်မာနိုင်ငံ MAZE Co., Ltd မှ ၆၀ % နှင့် ပြင်သစ်နိုင်ငံ Mr. Guy Robert EUGENE မှ ၄၀ % ဖြင့် Paradiso Cinemas Co., Ltd. တည်ထောင်၍ မြန်မာနိုင်ငံတဝှမ်းတွင် ရုပ်ရှင်ရုံ(၁၀၀) ဆောက်လုပ်ခြင်းနှင့်ရုပ်ရှင်ပြသခြင်းလုပ်ငန်းဆောင်ရွက်မည်ဖြစ်ပါသည်။ ၎င်းအနက်မှ ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ တပ်ကြီးကုန်းကျေးရွာအုပ်စု၊ အကွက်အမှတ်-၅၈၄၊ ရွာသစ်ကွင်း၊ ဦးပိုင်အမှတ် ၆/၃ ရှိ မြေဧရိယာ ၀.၉၂ ဧက တွင် ဖက်စပ်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဖြင့် Construction of Cinemas and Operation of Movies Show (ရုပ်ရှင်ရုံများဆောက်လုပ်ခြင်းနှင့်ရုပ်ရှင်ပြသခြင်း) လုပ်ငန်းကို နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ အဆိုပြု တင်ပြလာပါသည်။

၂။ အဆိုပြုချက်နှင့်အတူ Paradiso Cinemas Co., Ltd. နှင့် မြေပိုင်ရှင် ဦးခင်မောင်သန်း တို့ ချုပ်ဆိုမည့် မြေငှားရမ်းခြင်း သဘောတူစာချုပ်(မူကြမ်း)၊ မြေပိုင်ဆိုင်မှု အထောက်အထားများ၊ ဖက်စပ်စာချုပ်(မူကြမ်း)၊ ကုမ္ပဏီ၏သင်းဖွဲ့ မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းတို့ကို ပူးတွဲတင်ပြထား ပါသည်။

၃။ လုပ်ငန်းဆောင်ရွက်မည့် မှော်ဘီမြို့နယ်၊ တပ်ကြီးကုန်းကျေးရွာအုပ်စု၊ အကွက်အမှတ်-၅၈၄၊ ရွာသစ်ကွင်း၊ ဦးပိုင်အမှတ် ၆/၃ ရှိ မြေဧရိယာ ၀.၉၂ ဧက (၃၇၂၃.၁၁ စတုရန်းမီတာ)အားတစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၉,၁၀၇.၇၈ နှုန်းဖြင့် ငှားရမ်းဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ (၁၀) နှစ်သက်တမ်း ရှိ မြေငှားရမ်းခြင်းစာချုပ် (မူကြမ်း) အား ပူးတွဲတင်ပြထားပါသည်။

၄။ လုပ်ငန်းသက်တမ်းကာလမှာ ကနဦး (၁၀)နှစ် ဖြစ်၍ (၁၀)နှစ်တစ်ကြိမ် သက်တမ်းတိုး ဆောင် ရွက်မည် ဖြစ်ပါသည်။ ကော်မရှင်ခွင့်ပြုမိန့်ရရှိပြီး (၁)နှစ်အတွင်း လုပ်ငန်းစတင် ဆောင်ရွက်မည်ဖြစ် ပါသည်။

၅။ အဆိုပြုလုပ်ငန်း၏ စုစုပေါင်းမတည်ငွေရင်းပမာဏမှာ အမေရိကန်ဒေါ်လာ ဝ.၅၁ သန်း ဖြစ် ပါသည်။ အမေရိကန်ဒေါ်လာ ၂၀၈,၆၀၀ တန်ဖိုးရှိ ရုပ်ရှင်ရုံအတွက် လိုအပ်သော စက်ပစ္စည်း ကိရိယာများအားပြည်ပမှ တင်သွင်းမည်ဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | | နိုင်ငံခြား(US$ သန်း) | မြန်မာ(US$ သန်း) | စုစုပေါင်း(US$သန်း) |
|---|---|---|---|---|
| (က) | ငွေသား | ဝ.ဝ၆ | ဝ.ဝ၉ | ဝ.၁၅ |
| (ခ) | စက်ပစ္စည်း | ဝ.၁၄ | ဝ.ဝ၄ | ဝ.၁၈ |
| (ဂ) | အခြား | - | ဝ.၁၈ | ဝ.၁၈ |
| | **စုစုပေါင်း** | **ဝ.၂ဝ** | **ဝ.၃၁** | **ဝ.၅၁** |

၆။ လုပ်ငန်းဆောင်ရွက်ရန် နေ့စားဝန်ထမ်း ၄ ဦးအပါအဝင် ပြည်တွင်းဝန်ထမ်း (၅၄) ဦး ခန့်ထား ဆောင်ရွက်မည်ဖြစ်၍ ပြည်ပဝန်ထမ်း ခန့်ထားရန်မရှိကြောင်း တင်ပြထားပါသည်။ ပြည်တွင်း ဝန်ထမ်းတစ်ဦး၏ အနိမ့်ဆုံးလစာမှာ ကျပ် ၁၁ဝ,ဝဝဝ ဖြစ်ပြီး အမြင့်ဆုံးလစာမှာ ကျပ် ၃,ဝဝဝ,ဝဝဝ ဖြစ်ပါသည်။

၇။ အဆိုပြုလုပ်ငန်းမှ ပုံမှန်နှစ်(ဆဋ္ဌမမြောက်နှစ်)တွင် ဝန်ဆောင်မှုပေးမည့် ဝန်ဆောင်ခနှုန်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

Type of Seats Class

| စဉ် | Particular | Grade-4 | Grade-3 | Grade-2 | Grade-1(Dual) |
|---|---|---|---|---|---|
| (က) | No. of Seats | ၅၄ | ၁၈၄ | ၅၄ | ၁၂ |
| (ခ) | Ticket Price per Seat(MMK) | ၁,ဝဝဝ | ၁,၅ဝဝ | ၂,ဝဝဝ | ၅,ဝဝဝ |
| (ဂ) | No. of Cinema Show per Day | ၄ | ၄ | ၄ | ၄ |

၈။ အဆိုပြုလုပ်ငန်းကို ဆောင်ရွက်ခြင်းဖြင့် ပုံမှန်နှစ် (ဆဋ္ဌမမြောက်နှစ်)တွင် ကုမ္ပဏီမှ ရရှိမည့် အကျိုးအမြတ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | အကြောင်းအရာ | US$ (သန်း) |
|---|---|---|
| (က) | ဝင်ငွေ | ဝ.၃၈ |
| (ခ) | အသုံးစရိတ် | ဝ.၃ဝ |
| (ဂ) | အသားတင်အမြတ် | ဝ.ဝ၈ |

၉။ ဤလုပ်ငန်းကိုဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်မှ ပုံမှန်နှစ် (ဆဋ္ဌမမြောက်နှစ်)တွင် ရရှိမည့် အကျိုးအမြတ် ခန့်မှန်းခြေမှာဝင်ငွေခွန် US$ ဝ.ဝ၃ သန်းနှင့် ကုန်သွယ်လုပ်ငန်းခွန် US$ ဝ.ဝ၂ သန်း ဖြစ်ပါသည်။ လုပ်ငန်း၏ အရင်းကြေကာလမှာ (၄)နှစ် နှင့် (၁၁)လဖြစ်၍ အရင်းအနှီးအပေါ် အကျိုးအမြတ်ပြန်ပေါ်နှုန်း (IRR) မှာ ၁၁.ဝ၅ ရာခိုင်နှုန်းဖြစ်ပါသည်။

၁ဝ။ အဆိုပြုလုပ်ငန်း နှင့်ပတ်သက်၍ တစ်ဖက်ပါအတိုင်း သဘောထားမှတ်ချက်များ ပြန်ကြားလာပါသည်-

(က) ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ (နောက်ဆက်တွဲ-က)

၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၃၃/၂၀၁၆) **ဆုံးဖြတ်ချက်အရ ကန့်ကွက်ရန် မရှိပါကြောင်း**သဘောထားမှတ်ချက် ပြန်ကြားထားပါသည်။

(ခ) **သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန (နောက်ဆက်တွဲ-ခ)**

အဆိုပြုလုပ်ငန်းများကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်၊ လူမှုရေးနှင့်ကျန်းမာရေးထိခိုက်ပျက်စီးမှုများ ကိုရှောင်ရှားနိုင်ရန်အတွက် စီမံကိန်းဆိုင်ရာ အချက်အလက်များကိုပြည့်စုံစွာဖော်ပြပြီး လုပ်ငန်းဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေမည့်လုပ်ငန်းနည်းစနစ်များ၊ နည်းပညာများနှင့်စက်ကိရိယာများကိုအသုံးပြုခြင်း၊ အဆိုပြုလွှာတွင် ဖော်ပြထားသည့် လူမှုရေးဆိုင်ရာတာဝန်ခံမှု (Corporate Social Responsibility – CSR)အားအမြတ်ငွေ၏ ၂% ထည့်ဝင်သွားရန် အပါအဝင် ကတိကဝတ်များအတိုင်း၊ လုပ်ငန်းစီမံချက်များအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်သွားရန်၊ အဆိုပြုလုပ်ငန်းများကြောင့် ပတ်ဝန်းကျင် နှင့် လူမှုရေး ထိခိုက်မှု မဖြစ်ပေါ်စေရေး (သို့မဟုတ်) ထိခိုက်မှု အနည်းဆုံးဖြစ်စေမည့် လုပ်ငန်းဆောင်ရွက်သည့် အစီအစဉ်၊ စွန့်ပစ်ပစ္စည်း/ စွန့်ပစ်အရည် စီမံခန့်ခွဲမှုအစီအစဉ်၊ စောင့်ကြပ်ကြည့်ရှုစစ်ဆေးမည့် အစီအစဉ်၊ ပတ်ဝန်းကျင်ထိခိုက်မှု လျော့ပါးစေရေး ဆောင်ရွက်မည့် လုပ်ငန်း များ အတွက်သုံးစွဲမည့် ရန်ပုံငွေစသည့်တို့ ပါဝင်သည့် ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan-EMP)အား ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ် ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းပါ အချက်အလက်များ နှင့်အညီ အစီရင်ခံစာရေးသား တင်ပြရန်၊ ပြဋ္ဌာန်းထားသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံး လုပ်နည်းများ၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန် ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် သဘောထားမှတ်ချက်ပြန်ကြားထားပါသည်။ **(ကုမ္ပဏီမှ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၏ သဘောထားမှတ်ချက်နှင့်အညီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများကိုလိုက်နာဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းတင်ပြထားပါသည်။)**

(ဂ) **ပြန်ကြားရေးဝန်ကြီးဌာန (နောက်ဆက်တွဲ-ဂ)**

Paradiso Cinemas Co., Ltd. မှ ရုပ်ရှင်ရုံများဆောက်လုပ်ခြင်းနှင့် ရုပ်ရှင်ပြသခြင်းလုပ်ငန်း (Cinema Construction and Operation of Movies Show) ဆောင်ရွက်ခွင့်ပြုပါရန်တင်ပြလာခြင်းအပေါ် **ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ကန့်ကွက်ရန် မရှိပါကြောင်း** သဘောထားမှတ်ချက် ပြန်ကြားထားပါသည်။

၁၁။ ငွေကြေးအထောက်အထားများအဖြစ် MAZE Co., Ltd. အမည်ဖြင့် ကမ္ဘောဇဘဏ် (International Banking Division)၌ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၄ ရက်နေ့ ရက်စွဲဖြင့် အမေရိကန်ဒေါ်လာ ၃၄,၅၀၀ နှင့် မြန်မာကျပ်ငွေ ၄၀,၈၈၂,၅၀၀ ရှိကြောင်း တင်ပြထားပါသည်။

၁၂။ ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာနမှ အဆောက်အဦ မဆောက်လုပ်မီ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် Paradiso Cinemas Co., Ltd. မှတင်ပြသော အဆောက်အဦပုံစံကိုစစ်ဆေးပြီး ဖြစ်ကြောင်းနှင့် ကုမ္ပဏီမှ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ဆေးဘူးများ ထားရှိမည်ဖြစ်ပြီး၊ ဝန်ထမ်းများအား မီးဘေးအရေးပေါ် ကာကွယ်နိုင်ရန် အရေးအပေါ်မီးသတ် နည်းပညာများလေ့ကျင့် သင်ကြားပေးခြင်း ဆောင်ရွက်မည်ဖြစ်ကြောင်း မီးဘေးအန္တရာယ်ကာကွယ်ရေးစီမံချက် ရေးဆွဲတင်ပြထားပါသည်။

၁၃။ လုပ်ငန်းခွင်သာယာရေးနှင့် ဝန်ထမ်းသက်သာချောင်ချိရေးစီမံချက်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းသာယာရေးစီမံချက်အစီအစဉ်၊ ဝန်ထမ်းများအတွက် လစာဝင်ငွေခွန် ပေးဆောင်မည့်အစီအစဉ်၊ လျှပ်စစ်ဓါတ်အားသုံးစွဲမှုအစီအမံတို့ကို တင်ပြထားပြီး လူမှုဘဝသာယာဝပြောရေး (Corporate Social Responsibility -CSR)အတွက် အသားတင်အမြတ်၏ ၂ % အား ပညာရေး၊ ကျန်းမာရေး၊ နည်းပညာဖွံ့ဖြိုးရေး နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့အတွက် အသုံးပြု ဆောင်ရွက်သွားမည်ဖြစ်ကြောင်းတင်ပြထားပါသည်။

၁၄။ အဆိုပြုလုပ်ငန်းအားအဆိုပြုချက်စိစစ်ရေးအဖွဲ့၏ ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၃၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၄၀/၂၀၁၆)အစည်းအဝေးသို့ တင်ပြခဲ့ပါသည်။

**စိစစ်တင်ပြချက်**

၁၅။ အဆိုပြုလုပ်ငန်း ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း စိစစ်တင်ပြအပ်ပါသည်-

(က) အဆိုပြုလုပ်ငန်းသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၀၁၆ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့ပါ အမိန့်ကြော်ငြာစာအမှတ် ၂၆/၂၀၁၆ အရ ပြန်ကြားရေးဝန်ကြီးဌာန၏ သဘောထားမှတ်ချက်ဖြင့် နိုင်ငံသားနှင့် ဖက်စပ်ဆောင်ရွက်နိုင်ပါသည်။

(ခ) Paradiso Cinemas Co., Ltd. သည် ရုပ်ရှင်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိုင်ခုံ (၃၁၆) ခုံဆံ့ Single Screen ရုပ်ရှင်ရုံ (၁၀၀) တည်ဆောက်ရေး စီမံချက်အား အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်၍ မြန်မာနိုင်ငံတဝှမ်းရှိ မြို့များတွင် ရုပ်ရှင်ရုံတည်ဆောက်ခြင်း၊ ရုပ်ရှင်ပြသခြင်းကို ဆက်လက်ဆောင်ရွက်သွားရန် ရည်ရွယ်ထားကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိမြို့များတွင် မြေငှားရမ်းရရှိမှုပေါ်မူတည်၍ ကော်မရှင်ခွင့်ပြုမိန့် ဆက်လက်လျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(ဂ) အဆိုပြုလုပ်ငန်း ဆောင်ရွက်ရန်အတွက် ပြည်ပမှ အမေရိကန်ဒေါ်လာ ၂၀၈,၆၀၀ တန်ဖိုးရှိ ရုပ်ရှင်ရုံအတွက် လိုအပ်သော စက်ပစ္စည်းကိရိယာများကို တင်သွင်း ဆောင်ရွက်မည်ဖြစ်ပါသည်။ အခွန်အကောက်ကင်းလွတ်ခွင့်နှင့်သက်သာခွင့်ခံစားနိုင်မည်ဖြစ်ကြောင်း စိစစ်ရပါသည်။

(ဃ) ကော်မရှင်ခွင့်ပြုမိန့်ရရှိပြီးပါက ပြန်ကြားရေးဝန်ကြီးဌာနသို့ သက်ဆိုင်ရာလုပ်ငန်း လိုင်စင် လျှောက်ထားရန် လိုအပ်ပါသည်။

**ဆုံးဖြတ်ရန်အချက်**

၁၆။ Paradiso Cinemas Co., Ltd. မှ ဖက်စပ်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဖြင့်ရုပ်ရှင်ရုံများ ဆောက်လုပ်ခြင်းနှင့်ရုပ်ရှင်ပြသခြင်းလုပ်ငန်း (Construction of Cinemas and Operation of Movies Show) ကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုချက်တင်ပြလာခြင်း ကိစ္စအပေါ် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြုမိန့်ထုတ်ပေးရန် သဘောတူ-မတူ။

ဥက္ကဋ္ဌ(ကိုယ်စား)
(မြသူဇာ၊ တွဲဖက်အတွင်းရေးမှူး)

မိတ္တူကို
ရုံးလက်ခံ

(နောက်ဆက်တွဲ - က)

တိုင်းဒေသကြီးအစိုးရအဖွဲ့
စာအမှတ် ၁၂၅၈
ရက်စွဲ ၅.၁၂.၂၀၁၆
ရန်ကုန်တိုင်းဒေသကြီး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**တိုင်းဒေသကြီးအစိုးရအဖွဲ့**
**ရန်ကုန်တိုင်းဒေသကြီး**

စာအမှတ်၊ ၃ / ၆ - ၃ (၇) / တိုင်းရင်းသား
ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာ လ ၄ ရက်

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
အမှတ်(၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်

အကြောင်းအရာ။ **သဘောထားမှတ်ချက်တောင်းခံလာခြင်းကိစ္စ**

ရည် ညွှန်း ချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၂. ၁၁. ၂၀၁၆)ရက်စွဲပါစာအမှတ်၊ မရက-၅(အ)/ န-၀၂၁/၂၀၁၆(၅၀၁)

၁။ မြန်မာနိုင်ငံ MAZE Co., Ltd. မှ ၆၀% နှင့် ပြင်သစ်နိုင်ငံမှ Mr. Guy Robert EUGENE မှ ၄၀% ဖြင့် ဖက်စပ်ပြု၍ မြန်မာနိုင်ငံတွင် Paradiso Cinemas Co., Ltd. တည်ထောင်ကာ ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ တပ်ကြီးကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်-၅၈၄၊ ရွာသစ်ကွင်း၊ ဦးပိုင်အမှတ် ၆/၃ ရှိ မြေဧရိယာ ၀. ၉၂ ဧကကိုငှားရမ်း၍ ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် Construction and Operation of Movies Show (ရုပ်ရှင်ရုံများဆောက်လုပ်ခြင်းနှင့် ရုပ်ရှင်ပြသခြင်း)လုပ်ငန်းကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာမှုအပေါ် သဘောထားမှတ်ချက် ပြန်ကြားပေးနိုင်ပါရန် ရည်ညွှန်းပါစာဖြင့် ညှိနှိုင်းမေတ္တာရပ်ခံလာပါသည်။

၂။ အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ (၅. ၁၂. ၂၀၁၆)ရက်နေ့ တွင် ကျင်းပပြုလုပ်သော ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃၃/၂၀၁၆)၊ ဆုံးဖြတ်ချက်အပိုဒ် (၁၀၆)အရ ကန့်ကွက်ရန်မရှိပါကြောင်း တင်ပြအပ်ပါသည်။

ဝန်ကြီးချုပ် (ကိုယ်စား)
( နော်ပန်းသဉ္ဇာမျိုး၊ ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး )

**မိတ္တူကို**

ရန်ကုန်တိုင်းဒေသကြီးကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး
ရန်ကုန်မြောက်ပိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မှော်ဘီမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
Paradiso Cinemas Co., Ltd.
လက်ခံစာတွဲ/မျှောစာတွဲ

16/Cabinet/33,(8)

(နောက်ဆက်တွဲ - ခ)

M4 - 1085
17.11.16

ရင်းနှီးမြှုပ်နှံမှုဌာနဆိုင်ရာပူးပေါင်းလုပ်ငန်းအဖွဲ့
ရန်ကုန်မြို့
စာအမှတ်၊ ဝဝ၁/ MIC(OSS) /ဝ၁(၂၄၇/၁၆)
ရက်စွဲ၊ ၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၁၆ ရက်

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။ **Paradiso Cinemas Co.,Ltd.မှ Construction and Operation of Movices Show (ရုပ်ရှင်ရုံများဆောက်လုပ်ခြင်းနှင့်ရုပ်ရှင်ပြသခြင်း) လုပ်ငန်းအား ဆောင်ရွက်ခွင့်ပြုပါရန် ကိစ္စနှင့်ပတ်သက်၍ သဘောထားမှတ်ချက်ပြန်ကြားခြင်း**

ရည် ညွှန်း ချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၁-၁၁-၂၀၁၆ ရက်စွဲပါစာအမှတ်၊ ရက-၅(အ)/ န-၀၂၁ / ၂၀၁၆(၄၉၈)

၁။ မြန်မာနိုင်ငံMAZE Co.,Ltd.မှ၆၀%နှင့်ပြင်သစ်နိုင်ငံမှ Mr. GuyRobert EUGENE မှ၄၀%ဖြင့်ဖက်စပ်ပြုလုပ်၍ မြန်မာနိုင်ငံတွင် Paradiso Cinemas Co.,Ltd. တည်ထောင်ကာ ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ တပ်ကြီးကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်-၅၈၄၊ ရွာသစ်ကွင်း၊ ဦးပိုင်အမှတ် ၆/၃ ရှိ မြေဧရိယာ ဝ.၉၂ဧကကိုငှားရမ်း၍ ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် Construction and Operation of Movices Show (ရုပ်ရှင်ရုံများဆောက်လုပ်ခြင်းနှင့်ရုပ်ရှင်ပြသခြင်း)လုပ်ငန်းအား ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းနှင့်ပါတ်သက်၍ စီစစ်ပြီး သဘောထားမှတ်ချက် ပြန်ကြားပေးပါရန် ရည်ညွှန်းပါစာဖြင့် အကြောင်းကြားလာပါသည်။

၂။ ပေးပို့လွှာသော အဆိုပြုလွှာတွင် ရင်းနှီးမြှုပ်နှံမှုကာလမှာ နှစ်(၂၀) ဖြစ်ကြောင်း၊ တည်ဆောက်ရေးကာလမှာ(၁)နှစ်ဖြစ်ကြောင်း၊ မြေဧရိယာအကျယ်အဝန်း၀.၉၂ဧက(စတုမီတာ ၃၇၂၃.၁၁)ပေါ်တွင် ထိုင်ခုံ(၃၁၆)ပါရှိသည့် (Single Screen)ရုပ်ရှင်ရုံ(၁)ရုံတည်ဆောက်၍ အများပြည်သူသို့ ရုပ်ရှင်ပြသ ဖျော်ဖြေခြင်းလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မီးဘေးကြိုတင်ကာကွယ်ရေးစီမံချက်၊ ဝန်ထမ်းသက်သာချောင်ချိရေး အစီအစဉ်များကိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းမှ နှစ်စဉ်ရရှိလာမည့်အမြတ်ငွေ၏ (၂%) ကို

လူမှုရေးဆိုင်ရာတာဝန်ခံဆောင်ရွက်မှု(Corporate Social Responsibility-CSR)လုပ်ငန်းများတွင် အသုံးပြုသွားမည်ဖြစ်ကြောင်း ဖော်ပြပါရှိပါသည်။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့်ပတ်သက်၍ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှု မဖြစ်ပွားစေရေးအတွက် လိုအပ်သော အစီအမံများကိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြဋ္ဌာန်းထားသော ပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေများနှင့်အညီ လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ကြောင်းဖော်ပြပါရှိပါသည်။

၃။ အဆိုပါ Paradiso Cinemas Co.,Ltd. တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြေသားပြုပြင်ဖော်ထုတ်ခြင်းကြောင့်ထွက်ရှိလာမည့် အမှုန်အမွှားများ၊ ဖုန်မှုန့်များကြောင့် လေထုညစ်ညမ်းမှု ဖြစ်ပေါ်စေနိုင်ခြင်း၊ လုပ်ငန်းသုံးစက်နှင့်ယာဉ်ယန္တရားများ၏ ဆူညံ့အသံကြောင့် အသံညစ်ညမ်းမှု ဖြစ်ပေါ်စေနိုင်ခြင်း၊ စွန့်ပစ်ပစ္စည်းများဖြစ်သော အမဲဆီ၊ အင်ဂျင်ဝိုင်၊ လောင်စာဆီ စသည့် စွန့်ပစ်အဆီ/ အရည်/ အစိုင်အခဲများကြောင့် ပတ်ဝန်းကျင် မြေထု၊ ရေထု ညစ်ညမ်းမှုဖြစ်ပေါ်နိုင်ခြင်း၊ အလုပ်သမားများမှ စွန့်ပစ်ပစ္စည်း အရည်၊ အစိုင်အခဲများ စွန့်ပစ်ခြင်း၊ မိလ္လာအညစ်အကြေးများကြောင့် ပတ်ဝန်းကျင်ရေထု၊ မြေထု၊ လေထု ညစ်ညမ်းမှု ဖြစ်ပေါ်နိုင်ခြင်း၊ စသည့်ပတ်ဝန်းကျင်ဆိုင်ရာထိခိုက်မှုများ ဖြစ်ပေါ်လာနိုင်ပါသည်။

၄။ သို့ဖြစ်ပါ၍ Paradiso Cinemas Co.,Ltd. မှ Construction and Operation of Movices Show ( ရုပ်ရှင်ရုံများဆောက်လုပ်ခြင်းနှင့်ရုပ်ရှင်ပြသခြင်း ) လုပ်ငန်းအား တည်ဆောက်၍ ဆောင်ရွက်ခွင့်ပြုပါရန် ကိစ္စနှင့်ပတ်သက်၍ အောက်ပါအတိုင်း သဘောထားမှတ်ချက်ပြန်ကြားအပ်ပါသည်-

(က) အဆိုပြုလုပ်ငန်းများကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်၊ လူမှုရေးနှင့် ကျန်းမာရေး ထိခိုက်ပျက်စီးမှုများကို ရှောင်ရှားနိုင်ရန်အတွက် စီမံကိန်းဆိုင်ရာ အချက်အလက်များကို ပြည့်စုံစွာဖော်ပြပြီး လုပ်ငန်းဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေမည့်လုပ်ငန်းစနစ်များ၊ နည်းပညာများ နှင့်စက်ကရိယာများကိုအသုံးပြုခြင်း၊ အဆိုပြုလွှာတွင်ဖော်ပြထားသည့် လူမှုရေးဆိုင်ရာတာဝန်ခံမှု(Corporate Social Responsibility-CSR)အားအမြတ်ငွေ၏ (၂%)ထည့်ဝင်သွားရန်အပါအဝင်ကတိကဝတ်များပါအတိုင်း၊လုပ်ငန်းစီမံချက်

များအတိုင်းအကောင်အထည်ဖော်ဆောင်ရွက်သွားရန်။

(ခ) အဆိုပြုလုပ်ငန်းများကြောင့် ပတ်ဝန်းကျင်နှင့်လူမှုရေးထိခိုက်မှု မဖြစ်ပေါ်စေရေး (သို့မဟုတ်)ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့် လုပ်ငန်းဆောင်ရွက်သည့် အစီအစဉ်၊ စွန့်ပစ်ပစ္စည်း/စွန့်ပစ်အရည်စီမံခန့်ခွဲမှုအစီအစဉ်၊ စောင့်ကြပ်ကြည့်ရှု စစ်ဆေးမည့် အစီအစဉ်၊ ပတ်ဝန်းကျင်ထိခိုက်မှုလျော့ပါးစေရေး ဆောင်ရွက်မည့် လုပ်ငန်းများ အတွက် သုံးစွဲမည့်ရန်ပုံငွေစသည်တို့ပါဝင်သည့် **ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan-EMP)**အားပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းပါအချက်အလက်များနှင့်အညီ အစီရင်ခံ ရေးသားတင်ပြရန်။

(ဂ) ပြဌာန်းထားသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံး လုပ်နည်းများ၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်။

(ဃ) သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့၏ကြီးကြပ်ကွပ်ကဲမှုဖြင့် ဒေသခံပြည်သူ များ၏ဆန္ဒနှင့်သဘောထားများရယူဆောင်ရွက်ရန်။

ခင်သီတာတင်
၁၉/၁၁/၂၀၁၉

(ခင်သီတာတင်)
ညွှန်ကြားရေးမှူး
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
ရန်ကုန်တိုင်းဒေသကြီး

မိတ္တူကို

ပြည်ထောင်စုဝန်ကြီးရုံး
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ သစ်တောဦးစီးဌာန

ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့သစ်လုပ်ငန်း
ညွှန်ကြားရေးမှူးချုပ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
ညွှန်ကြားရေးမှူး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး
ရုံးလက်ခံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပြန်ကြားရေးဝန်ကြီးဌာန (နောက်ဆက်တွဲ - ဂ)

ဝန်ကြီးရုံး

စာအမှတ်၊ ၃-၄(၉/၂၀၁၆)/

ရက် စွဲ၊ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။ သဘောထားမှတ်ချက် ပြန်ကြားခြင်း

ရည် ညွှန်း ချက် ။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂-၁၁-၂၀၁၆ ရက်စွဲပါ စာအမှတ်၊ မရက-၅(အ)/န-၀၂၁/၂၀၁၆(၅၀၂)

P-1464
18.11.16

၁။ မြန်မာနိုင်ငံ MAZE Co.,Ltd မှ ၆၀% နှင့် ပြင်သစ်နိုင်ငံသား Mr.Guy Robert EUGENE မှ ၄၀% ထည့်ဝင်၍ ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် မြန်မာနိုင်ငံတွင် Paradiso Cinemas Co.,Ltd တည်ထောင်ကာ ရုပ်ရှင်ရုံများ ဆောက်လုပ်ခြင်းနှင့် ရုပ်ရှင်ပြသခြင်း (Construction and Operation of Movies Show) လုပ်ငန်းကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းအပေါ် ပြန်ကြားရေးဝန်ကြီးဌာန၏ သဘောထားမှတ်ချက်ကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ရည်ညွှန်းပါစာဖြင့် တောင်းခံခဲ့ပါသည်။

၂။ Paradiso Cinemas Co.,Ltd တည်ထောင်ကာ ရုပ်ရှင်ရုံများ ဆောက်လုပ်ခြင်းနှင့် ရုပ်ရှင်ပြသခြင်း (Construction and Operation of Movies Show) လုပ်ငန်းကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းအပေါ် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ကန့်ကွက်ရန် မရှိပါကြောင်း သဘောထားမှတ်ချက် ပြန်ကြားအပ်ပါသည်။

ပြည်ထောင်စုဝန်ကြီး( ကိုယ်စား)
( မျိုးမြင့်မောင်၊ဒုတိယအမြဲတမ်းအတွင်းဝန်)

မိတ္တူကို

Paradiso Cinemas Co.,Ltd